ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း-၀၆၇ -၃၄၁၀၁၅၄ ၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၃ ၊ အီးမေးလ် - frdho34 @gmail.com

စာအမှတ်၊ ငကစ/ မူဝါဒ/ (၂၅၃/၂၀၂၀)

ရက် စွဲ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်

အကြောင်းအရာ။ **အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ ယင်းတို့နှင့် ဆက်နွယ်သူများ ငွေကြေးများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ခြင်း**

ရည် ညွှန်း ချက်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ ၂၀-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄၃၂၃(၁၁၄၉)/၁၄-၀၃/ဦး ၄

၁။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇ / ၁၉၈၉ / ၂၂၅၃ နှင့် ၁၉၈၈ (ယင်းဆုံးဖြတ်ချက်များနှင့် ဆက်စပ်သည့် ဆုံးဖြတ်ချက်များအပါအဝင်)တို့အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီများမှ အချိန်နှင့်တစ်ပြေးညီ အကြမ်းဖက်သမား၊အကြမ်းဖက်အုပ်စုအဖြစ်သတ်မှတ်ထားသည့်လူပုဂ္ဂိုလ်များအားလုံး၊အဖွဲ့အစည်း၊အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအားလုံးကို ရည်ညွှန်းပါ အမိန့်ဖြင့် အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ သတင်းပို့အဖွဲ့အစည်းများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အင်တာနက်စာမျက်နှာဖြစ်သော https://www.un.org/securitycouncil/sanctions/informationနှင့်ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အင်တာနက်စာမျက်နှာဖြစ်သော https://www.mfiu.gov.mm တွင်လည်းကောင်း အချိန်နှင့်တစ်ပြေးညီတိုက်ရိုက်ဝင်ရောက်ကြည့်ရှုရန်နှင့် မိမိတို့လက်ဝယ်တွင်ရှိ/မရှိ စိစစ်ခြင်း၊တွေ့ရှိချက် များအား သတင်းပို့ခြင်း၊နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်သိမ်းဆည်းခြင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ ဆောလျင်စွာတင်ပြခြင်းတို့အားဆောင်ရွက်ပါရန်အကြောင်းကြားလာပါသည်။

၃။ ထို့အပြင်ကိုယ်ပိုင်အင်တာနက်စာမျက်နှာရှိသောသတင်းပို့အဖွဲ့အစည်းများသည်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အင်တာနက်စာမျက်နှာဖြစ်သော https://www.un.org/securitycouncil/

sanctions/informationရှိ အရေးယူပိတ်ဆို့မှု (Sanctions) အောက်ရှိ ကော်မတီများမှ ထုတ်ပြန်ထားသည့်ဆုံးဖြတ်ချက်များကိုထပ်ဆင့်လွှင့်တင်ခြင်းများဆောင်ရွက်ပါရန်အကြောင်းကြားပါသည်။

ပူးတွဲပါ အကြောင်းကြားစာ (၁) စုံ

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

  ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ

  ရုံးလက်ခံ

  မျှောစာ